Australian Government

COVID-19 VACCINATION

# ကလေးများနှင့် ဆယ်ကျော်သက်ရွယ်များအတွက် COVID-19 ကာကွယ်ဆေးများ- မိဘများနှင့် အုပ်ထိန်းသူများအတွက် သတင်းအချက်အလက်

နောက်ဆုံးအကြိမ်တည်းဖြတ်- 2022 ခုနှစ် ဇန်နဝါရီလ 10 ရက်

အသက် 5 နှစ်နှင့်အထက်အရွယ်များအတွက် COVID-19 ကာကွယ်ဆေးကို အတည်ပြုလိုက်ပြီး ထိုးရန်အကြံပြုလိုက်သည်။ အသက် 5 နှစ်နှင့်အထက်အရွယ်များ COVID-19 ကာကွယ်ဆေးထိုးရန် ယခုအခါ ရက်ချိန်းများယူနိုင်ပြီဖြစ်သည်။

အသက် 12 နှစ်နှင့်အထက်အရွယ်များအတွက် Spikevax (Moderna) ကို အတည်ပြုလိုက်ပြီး ထိုးရန်အကြံပြုလိုက်သည်။ ၎င်းကို အသက် 6 နှစ်မှ 11 နှစ်အထိအရွယ်ကလေးများအတွက် အကဲခတ်စမ်းစစ်နေဆဲဖြစ်သည်။

## ကလေးများနှင့် ဆယ်ကျော်သက်ရွယ်များ အဘယ်ကြောင့် ကာကွယ်ဆေးထိုးသင့်သနည်း။

ကလေးများနှင့် ဆယ်ကျော်သက်ရွယ်များ COVID-19 ကိုတွန်းလှန်ရန် ကာကွယ်ဆေးထိုးသင့်သည့် အကြောင်းရင်း အများအပြားရှိသည်၊ အောက်ပါတို့အပါအဝင်ဖြစ်သည်-

- COVID-19 ရောဂါကူးစက်ခြင်းမှ ၎င်းတို့အား ကာကွယ်ပေးခြင်း
- အလွန်အမင်း နာမကျန်းဖြစ်လာခြင်း၊ ရေရှည် ဘေးထွက်ဆိုးကျိုးဖြစ်လာခြင်း သို့မဟုတ် တာရှည်နေသည့် COVID ဖြစ်နေခြင်းတို့၏ အန္တရာယ်ကို လျှော့ချပေးခြင်း
- ၎င်းတို့ ကျောင်းပြန်တက်စေရန် ထောက်ကူပေးခြင်း
- ၎င်းတို့၏ မိသားစုနှင့် မိတ်ဆွေများနှင့် ပြန်လည်ချိတ်ဆက်ပေးခြင်း
- ၎င်းတို့ ကြိုက်နှစ်သက်သည့် အရာများကို ပြန်လည်လုပ်စေခြင်း၊ ဥပမာ- အသင်းလိုက်အားကစားများ၊ ဂီတပွဲလမ်းများသို့ သွားရောက်ခြင်းနှင့် ခရီးထွက်ခြင်း၊ ထို့ပြင်
- လူထုအတွင်း ဗိုင်းရပ်စ်ပိုး ဖြန့်ခြင်းကို နှေးကွေးအောင်လုပ်ပေးခြင်း။

COVID-19 ကာကွယ်ဆေးထိုးခြင်းအားဖြင့် အောက်ပါတို့ကိုလည်း ကာကွယ်ပေးသည်-

- မိသားစု
- မိတ်ဆွေများ
- ကျောင်းနေဖက်သူငယ်ချင်းများ၊ နှင့်
- အသင်းသားများ။

## COVID-19 ကာကွယ်ဆေး မည်သို့အလုပ်လုပ်သနည်း။

COVID-19 ကာကွယ်ဆေးများသည် လူများအား COVID-19 ရောဂါဖြင့် အလွန် နာမကျန်းဖြစ်လာခြင်းမှ ဟန့်တားပေးနိုင်သည်။ ကာကွယ်ဆေးသည် သင် ပိုးနှင့်ထိတွေ့မှုရှိလာလျှင် COVID-19 ကိုဖယ်ရှားပေးရန် သင့်ခန္ဓာကိုယ်အား လေ့ကျင့်ပေးသည်။

Pfizer နှင့် Moderna ကာကွယ်ဆေးများတွင် ဗိုင်းရပ်စ်ပိုးအရှင် မပါဝင်ပါ၊ သင့်အား COVID-19 ရောဂါမဖြစ်စေနိုင်ပါ။

## ကာကွယ်ဆေးထိုးပြီးနောက် မျှော်လင့်ရမည့်အရာ

ကာကွယ်ဆေးသည် ပထမအကြိမ်ဆေးထိုးပြီး 2 ပတ်မှ 3 ပတ်ခန့်တွင် လူများအား COVID-19 မှ ကာကွယ်ပေးရန် စတင်လုပ်ဆောင်သည်။

၎င်းကြောင့် သင့်ကလေး ဆက်လက် ဘေးကင်းနေရန် အရေးကြီးသည့်အပြင်-အောက်ပါတို့လုပ်ရန်လည်း အရေးကြီးသည်-

- လက်ဆေးကြောခြင်းကဲ့သို့ တစ်ကိုယ်ရေ သန့်စင်မှုလုပ်ရန်
- အခြားသူများမှ 1.5 မီတာ အကွာအဝေးတွင် နေရန်
- လူစုဝေးများအတွက် လူကန့်သတ်ချက်ကို လိုက်နာရန်၊ ထို့ပြင်
- လိုအပ်လျှင် မည်သည့်အချိန်နှင့် မည်သို့ သီးခြားခွဲနေရန်ကို နားလည်ရန်။

## ဘေးထွက်ဆိုးကျိုးများ ရှိမည်လား။

ကာကွယ်ဆေးထိုးပြီးနောက် သင့်ကလေး ဘေးထွက်ဆိုးကျိုးအချို့ကြုံတွေ့နိုင်သည်။ ဘေးထွက်ဆိုးကျိုးအများစုမှာ ရက်အနည်းငယ်ထက်ပို၍ ကြာရှည်မည် မဟုတ်ပါ၊ ပြဿနာတစ်စုံတစ်ရာ မရှိဘဲ ၎င်းတို့ ပြန်လည်ကောင်းမွန်လာပါလိမ့်မည်။ ကာကွယ်ဆေးထိုးခြင်းကြောင့် ဖြစ်လေ့ရှိသည့် တန်ပြန်မှုများမှာ-

- လက်မောင်းနာခြင်း
- အဖျားအနည်းငယ်တက်ခြင်း
- ခေါင်းကိုက်ခြင်း။

သင့် ကလေး၏ ရောဂါလက္ခဏာများနှင့်ပတ်သက်၍ သင် စိုးရိမ်နေလျှင် သင် သတင်းအချက်အလက် **www.health.gov.au** တွင်ပိုမိုရရှိနိုင်သည် သို့မဟုတ် National Coronavirus Helpline **ဖုန်း 1800 020 080** ကိုဆက်ပါ။ စကားပြန်ဝန်ဆောင်မှုများအတွက် ဖုန်း **131 450** ကိုဆက်ပြီး National Coronavirus Helpline ကိုဖုန်းဆက်ခိုင်းပါ။

သင့်အနေဖြင့် သင့်ကလေး ကာကွယ်ဆေးမထိုးမီ COVID-19 ကာကွယ်ဆေးထိုးခြင်းနှင့်ပတ်သက်သည့် စိုးရိမ်မှု သို့မဟုတ် မေးစရာ တစ်စုံတစ်ရာအကြောင်းကိုလည်း သင့် ဆရာဝန် သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှု ပညာရှင်နှင့် ဆွေးနွေးနိုင်သည်။

## ကျွန်ုပ်ကလေး မည်သည့် ကာကွယ်ဆေးအမျိုးအစားကို ရမည်နည်း။

အသက် 5 နှစ်မှ 11 နှစ်အရွယ် ကလေးများအတွက်နှင့် အသက် 12 နှစ်နှင့်အထက်အရွယ်များအတွက် COVID-19 ကာကွယ်ဆေးများမှာ မတူကွဲပြားမှု အချို့ရှိသည်။

အသက် 5 နှစ်မှ 11 နှစ်အရွယ်ကလေးများမှာ ဆေး 2 ကြိမ်ကို 8 ပတ်ခြား၍ ထိုးရပါမည်။ အထူးကိစ္စများ၌ အနည်းဆုံး 3 ပတ်ခြား၍ ထိုးနိုင်သည်။ အသက် 5 နှစ်မှ 11 နှစ်အရွယ် ကလေးများအတွက် ဆေးမှာ အသက် 12 နှစ်နှင့်အထက် အရွယ်များအတွက် ဆေးပမာဏ၏ သုံးပုံတစ်ပုံဖြစ်သည်။

အသက် 12 နှစ်နှင့်အထက်အရွယ်ကလေးများမှာ ကာကွယ်ဆေး 2 ကြိမ်ကို 3 ပတ်မှ 6 ပတ်အထိ ခြား၍ ထိုးရပါမည်။

## ၎င်းတို့၏ ဒုတိယအကြိမ် ရက်ချိန်းကို မှတ်ထားပါ

သင့်ကလေးသည် ကာကွယ်ဆေး 2 ကြိမ်ထိုးရန် အရေးကြီးသည်၊ ဒုတိယအကြိမ်ဆေးမှာ COVID-19 အပေါ် ကာကွယ်မှု အပြည့်အဝပေးသောကြောင့်ဖြစ်သည့်အပြင် ကာကွယ်မှုမှာ ပို၍ကြာရှည်စေသောကြောင့် ဖြစ်ပါသည်။

## ခွင့်ပြုချက်ပေးခြင်း

ကလေးများ ကာကွယ်ဆေးထိုးရန် မိဘများထံမှ ခွင့်ပြုချက်တောင်းခံနိုင်သည်။

ယေဘုယျအားဖြင့် မိဘ သို့မဟုတ် တရားဝင် အုပ်ထိန်းသူတစ်ဦးတွင် ကာကွယ်ဆေးထိုးခြင်းအတွက် ခွင့်ပြုချက်ပေးခွင့်ရှိသည်။ အချို့ပြည်နယ်များနှင့် အုပ်ချုပ်ခံနယ်မြေများတွင် ပို၍အရွယ်ကြီးသော လူငယ်များအနေဖြင့် ကိုယ်ပိုင် ခွင့်ပြုချက်ပေးနိုင်သည်။

သင့်ကလေး၏ COVID-19 ကာကွယ်ဆေးကို သူတို့၏ Immunisation History Statement တွင် မှတ်တမ်းတင်ပါမည်။ သင့်ကလေးမှာ အသက် 14 နှစ်နှင့်အထက်အရွယ်ဖြစ်လျှင် သူတို့၏ Australian Immunisation Record ကို ကိုယ်ရေးသိုသိပ်မှုအကြောင်းရင်းများကြောင့် သင် ကြည့်ခွင့်မရနိုင်တော့ပါ။ ၎င်းတို့၏ ကာကွယ်ဆေးထိုးမှတ်တမ်းကို ၎င်းတို့ခွင့်ပြုလျှင် သင် ရယူနိုင်သည်။ အကြောင်းအချက်အပိုကို Services Australia https://www.servicesaustralia.gov.au/how-to-get-immunisation-history-statement မှတစ်ဆင့် ရယူနိုင်သည်။

## ပိုမိုသိရှိရန်အချက်များ

COVID-19 ကာကွယ်ဆေးများအကြောင်း ပိုမိုသိရှိရန် **www.health.gov.au/covid19-vaccines-languages** တွင်ကြည့်ပါ သို့မဟုတ် National Coronavirus Helpline ဖုန်း **1800 020 080** ကိုဆက်ပါ။ စကားပြန်ဝန်ဆောင်မှုများအတွက် ဖုန်း **131 450** ကိုဆက်ပြီး National Coronavirus Helpline ကို ဖုန်းဆက်ခိုင်းပါ။